# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၃၇၅ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ်၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate – ECC)ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – U Kyaw Thura Thet<br>Managing Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – Known The Truth Group Co.,Ltd.<br>တိုက်(၁၁၂)၊ အမှတ်(၁၀/ ၁၁/ ၁၂)၊ ပထမထပ်၊ ပြည်လမ်း၊ ၈–မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>၀၉–၅၀၁၇၀၁၆၊ ၀၉–၄၂၀၀၈၂၇၃၈ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | – အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – ၄၅.၉၈ ဧက ၁၈၆,၀၇၅.၂ စတုရန်းမီတာ<br>(၇၉)ခန်း |
| (စ) | **စီမံကိန်းတည်နေရာ** | – ကွင်းအမှတ်–၁၉၈၅(ပြင်)၊ ကျောက်ကြီးကွင်း၊ ပုန်းညက်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ငွေဆောင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | – စတင်ထုတ်ပေးရက် – ၃၁–၇–၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် – ၃၀–၇–၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | – Known The Truth Group Co.,Ltd.၏ ၂၄–၄–၂၀၂၄ ရက်စွဲပါ စာဖြင့် တင်ပြသည့်**"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)"** |



ဖုန်း
၂၇.၈.၂၀၂၄

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင် ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆)လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံး ပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်း တိုးပေးခြင်းမရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလို အလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

ပြည်ထောင်စု ဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**Known The Truth Group Co.,Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ပုန်းညက်လမ်း၊ ကျောက်ကြီးကွင်း၊ ကွင်းအမှတ်-၁၉၈၅(ပြင်)ရှိ မြေဧရိယာ (၄၅.၉၈)ဧက ၁၈၆,၀၇၅.၂ စတုရန်းမီတာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Ngwesaung Beach Hotel & Resort(Central Hotel)ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငွေဆောင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ပုန်းညက်လမ်း၊ ကျောက်ကြီးကွင်း၊ ကွင်းအမှတ်-၁၉၈၅(ပြင်)ရှိ မြေဧရိယာ(၄၅.၉၈)ဧက ၁၈၆,၀၇၅.၂ စတုရန်းမီတာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Ngwesaung Beach Hotel & Resort(Central Hotel)ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၏ ၂-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ EIA/ EMP(အတည်ပြု(၇)စုံ)(၁၂၆၁/ ၂၀၂၄)ဖြင့် တင်ပြခဲ့သည့် ဦးသန့်စင်၊ ဒေါက်တာမြင့်အောင်နှင့် ဒေါက်တာကျော်စိုးတို့ ရေးသားပြုစုသော အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** U Kyaw Thura Thet ၊ Managing Director ၊ Known The Truth Group Co.,Ltd.၊ တိုက်(၁၁၂)၊ အမှတ်( ၁၀/ ၁၁/ ၁၂)၊ ပထမထပ်၊ ပြည်လမ်း၊ ၈-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၅၀၁၇၀၁၆၊ ၀၉-၄၂၀၀၈၂၇၃၈ မှ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် ရာနှုန်းပြည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ဟိုတယ်လုပ်ငန်းဖြစ်ပြီး တန်ဖိုးငွေမှာ ကျပ်သိန်း(၁၇,၀၀၀)ဖြစ်ပါသည်။ ငွေဆောင်ကမ်းခြေဟိုတယ်ကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် လက်အောက်ခံ နဝဒေးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်မှ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် ပြီးစီးခဲ့၍ လုပ်ငန်းစတင်လည်ပတ်ခဲ့ပါသည်။ အဆိုပါ ငွေဆောင်ကမ်းခြေဟိုတယ်အား Konwn The Truth Group Co.,Ltd. မှ ၂၀၁၄ ခုနှစ်တွင် နဝဒေးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်မှ(BOT)စနစ်ဖြင့် ငှားရမ်း၍ နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဆက်လက် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုကာလမှာ ၂၀၁၄ ခုနှစ်မှ ၂၀၆၄ ခုနှစ်ထိ စုစုပေါင်း နှစ်(၅၀)ဖြစ်ပြီး ပိတ်သိမ်းမှုကာလမှာ(၆)လခန့် ဖြစ်ပါသည်။ ဟိုတယ်ဧရိယာအတွင်းရှိ အဆောက်အဦများ နေရာချထားမှုအနေဖြင့် Main Lobby(၁)ဆောင်၊ Dinning & Kitchen(၁)ဆောင်၊ Presedential Suite (၁)ဆောင်(၁)ခန်း၊ Royal Deluxe(၁၁)ဆောင် (၂၂)ခန်း၊ Ohntaw(၁၀)ဆောင်(၁၀)ခန်း၊ Deluxe(၂)ထပ်ဆောင်(၂)ဆောင်(၂၈)ခန်း၊ Superior (၄)ဆောင် (၈)ခန်း၊ Deluxe Bungalow (၁၀)ဆောင်(၁၀)ခန်းစသည့် ညေ်သည့်တည်းခိုနိုင်မည့် အခန်းပေါင်း


(၇၉)ခန်းနှင့် Laundry(၁)ဆောင်၊ Generator(၁)ဆောင်၊ M&Eရုံးခန်း(၁)ခန်း၊ Managers House (၁)ဆောင်(၆)ခန်း၊ Family Quatrer(၁)ဆောင်(၁၀)ခန်း၊ Staff Quarter(၁)ဆောင်၊ Main Store (၁)ဆောင်၊ Staff Mess(၁)ဆောင် စုစုပေါင်း အခန်း(၉၆)ခန်းတို့အား ဆောက်လုပ်ထားပြီး အခြား ဝန်ဆောင်မှုများဖြစ်သော Conference Room၊ Club House၊ Mini Golf Course (3)Holes နှင့် ရေကူးကန်တို့အား တည်ဆောက်ထားရှိပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်း၏ ကုန်ကြမ်းအသုံးပြုရာတွင် ရေအသုံးပြုမှုအနေဖြင့် ဂါလန်(၆,၄၀၀)ဆံ့နှင့် ဂါလန်(၄၀၀)ဆံ့သော မြေပေါ် အုတ်ရေကန်(၂)ကန်နှင့် ဂါလန် (၅,၀၀၀)၊ ဂါလန်(၄,၈၀၀)နှင့် ဂါလန်(၅၀၀) အသီးသီးဆံ့သော မြေစိုက်အုတ်ရေကန်(၃)ခုတို့တွင် သိုလှောင်၍ အသုံးပြုသွားမည်ဖြစ်ပြီး ဧည့်သည်လာရောက်သည့် ရာသီအချိန်တွင် တစ်ရက်လျှင် ရေဂါလန်(၄,၀၀၀)ခန့်နှင့် ဧည့်သည်ပါးသည့် ရာသီအချိန်တွင် တစ်ရက်လျှင် ရေဂါလန်(၂,၀၀၀)ခန့် သုံးစွဲမည်ဖြစ်သဖြင့် တစ်နှစ်လျှင် ရေသုံးစွဲမှုပမာဏမှာ ပျမ်းမျှ ရေဂါလန်(၁,၂၀၀,၀၀၀)ခန့်သုံးစွဲမည် ဖြစ်ပါသည်။ စွမ်းအင်အသုံးပြုမှုအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပုသိမ်မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ 315 KVA ထရန်စဖော်မာဖြင့် တပ်ဆင် အသုံးပြုမည်ဖြစ်ပြီး တစ်နှစ်လျှင် ပျမ်းမျှ လျှပ်စစ်အသုံးပြုမှုပမာဏမှာ တစ်နှစ်လျှင်(120,000) kWh ခန့် သုံးစွဲမည်ဖြစ်ပါသည်။ လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် အရန်မီးစက်အဖြစ် 145 KVA, 110 KVA, 90 KVA, 63 KVA, 45 KVA , 20 KVA(၆)လုံးကို လိုအပ်သည့် စွမ်းအင်အလိုက် ရွေးချယ် အသုံးပြုသွားမည် ဖြစ်ပါသည်။ ပျမ်းမျှ မီးစက်အသုံးပြုနှုန်းသည် တစ်နေ့လျှင် ၄ နာရီမှ ၆ နာရီခန့် ဖြစ်ပြီး ပျမ်းမျှ လောင်စာဆီ သုံးစွဲမှုသည် တစ်နာရီလျှင် ၁၀ ဂါလန်ခန့် ဖြစ်ပြီး တစ်နှစ်လျှင် လောင်စာဆီအသုံးပြုမှုအနေဖြင့် ခန့်မှန်း(၂၁,၀၀၀)ဂါလန်ခန့် အသုံးပြုမည်ဖြစ်ပါသည်။ လောင်စာဆီများကို ဆီပီပါများတွင် ထည့်၍ ကွန်ကရစ်ခင်းထားသော မီးစက်ထားရှိရာ အဆောက်အဦတွင် သီးသန့်အခန်းဖြင့် စနစ်တကျ သိုလှောင်သုံးစွဲမည် ဖြစ်ပါသည်။ စက်ပစ္စည်းအသုံးပြုမှုအနေဖြင့် မီးစက် 145 KVA generator (၁)လုံး၊ မီးစက် 110 KVA generator(၁)လုံး၊ မီးစက် 90 KVA generator(၁)လုံး၊ မီးစက် 63 KVA generator(၁)လုံး၊ မီးစက် 45 KVA generator(၁)လုံး၊ မီးစက် 20 KVA generator(၁)လုံး၊ Air Conditioner(2Hp)(၈)လုံး၊ Air Conditioner(1.5 Hp)(၄၀)လုံး၊ Portable water pump (4 inch 7.5HP)(၂)လုံး၊ အဝတ်လျှော်စက်(၂)လုံးနှင့် အဝတ်ခြောက်စက်(၂)လုံးတို့အား အသုံးပြုသွားမည် ဖြစ်ပါသည်။ သန့်ရှင်းရေး၊ အဝတ်လျှော်ခြင်းနှင့် ရေကူးကန်သန့်စင်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းအသုံးပြုမှုအနေဖြင့် Chlorine(Granular)TCCA 90%(45)kg, Aqua Pro (ALUM) Pool Flocculant(15)kg, POTENCER L120(Alkali Builder)detergent(100)L, POTENCER L130 (emulsify agent)(detergent)(60)L, Fabric Softener(50)L, All-purpose cleaning agent (60)L, Room Air Freshener (50)L တို့ကို အသုံးပြုသွားမည် ဖြစ်ပါသည်။ ဝန်ထမ်းအင်အား

အနေဖြင့် အမျိုးသား(၅၀)ဦးနှင့် အမျိုးသမီး(၆၀)ဦး စုစုပေါင်း(၁၁၀)ဦးအား တစ်နေ့လျှင် အလုပ်လုပ်ချိန်(၈)နာရီ အဆိုင်း(၃)ဆိုင်းဖြင့် လည်ပတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငွေဆောင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ပုန်းညက်လမ်း၊ ကျောက်ကြီးကွင်း၊ ကွင်းအမှတ်(၁၉၅၈)(ပြင်)တွင်တည်ရှိပါသည်။

**Known The Truth Group Co.,Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငွေဆောင်မြို့၊ အမှတ်(၃) ရပ်ကွက်၊ ပုန်းညက်လမ်း၊ ကျောက်ကြီးကွင်း၊ ကွင်းအမှတ်-၁၉၈၅(ပြင်)ရှိ မြေရိယာ (၄၅.၉၈)ဧက ၁၈၆,၀၇၅.၂ စတုရန်းမီတာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Ngwesaung Beach Hotel & Resort(Central Hotel)ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း တည်နေရာပြမြေပုံ**



**Known The Truth Group Co.,Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငွေဆောင်မြို့၊ အမှတ်(၃) ရပ်ကွက်၊ ပုန်းညက်လမ်း၊ ကျောက်ကြီးကွင်း၊ ကွင်းအမှတ်-၁၉၈၅(ပြင်)ရှိ မြေဧရိယာ (၄၅.၉၈)ဧက ၁၈၆,၀၇၅.၂ စတုရန်းမီတာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Ngwesaung Beach Hotel & Resort(Central Hotel)ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း တည်နေရာပြမြေပုံ**



**Known The Truth Group Co.,Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငွေဆောင်မြို့၊ အမှတ်(၃) ရပ်ကွက်၊ ပုန်းညက်လမ်း၊ ကျောက်ကြီးကွင်း၊ ကွင်းအမှတ်-၁၉၈၅(ပြင်)ရှိ မြေဧရိယာ (၄၅.၉၈)ဧက ၁၈၆,၀၇၅.၂ စတုရန်းမီတာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Ngwesaung Beach Hotel & Resort(Central Hotel)ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း Layout Plan**




Index
- ၁- Main Lobby
- ၂ - Presidential Suite
- ၃ -Royal Deluxe
- ၄ -Ohntaw Bungalow
- ၅ -Deluxe (၂)ထပ်ဆောင်
- ၆ -Superior Bungalow
- ၇ -Deluxe Bungalow
- ၈ -Managers House
- ၉ - Laundry
- ၁၀-မီးစက်ခန်း
- ၁၁-Family Quarter
- ၁၂-Staff Quarter
- ၁၃-Staff Mess
- ၁၄-ရေကူးကန်
- ၁၅- Golf Course

နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၏ ၂-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ EIA/ EMP(အတည်ပြု(၇)စုံ)(၁၂၆၀/ ၂၀၂၄)ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့် သက်ဆိုင်သည့်အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် ရာနှုန်းပြည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဟိုတယ်လုပ်ငန်းဖြစ်ပြီး တန်ဖိုးငွေမှာကျပ်သိန်း(၁၇,၀၀၀)ဖြစ်ပါသည်။ ငွေဆောင်ကမ်းခြေဟိုတယ်ကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် လက်အောက်ခံ နဝဒေးဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်မှ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် ပြီးစီးခဲ့၍ စတင်လည်ပတ်ခဲ့ပါသည်။ အဆိုပါငွေဆောင်ကမ်းခြေဟိုတယ်အား Konwn The Truth Group Co.,Ltd. မှ ၂၀၁၄ ခုနှစ်တွင် နဝဒေးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်မှ(BOT)စနစ်ဖြင့် ငှားရမ်း၍ နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဆက်လက် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုကာလမှာ ၂၀၁၄ ခုနှစ်မှ ၂၀၆၄ ခုနှစ်ထိ စုစုပေါင်း နှစ်(၅၀)ဖြစ်ပြီး ပိတ်သိမ်းမှုကာလမှာ(၆)လခန့် ဖြစ်ပါသည်။ ဟိုတယ်ဧရိယာအတွင်းရှိ အဆောက်အဦများ နေရာချထားမှုအနေဖြင့် Main Lobby(၁)ဆောင်၊ Dinning & Kitchen (၁)ဆောင်၊ Presedential Suite (၁)ဆောင်(၁)ခန်း၊ Royal Deluxe(၁၁)ဆောင် (၂၂)ခန်း၊ Ohntaw(၁၀)ဆောင်(၁၀)ခန်း၊ Deluxe(၂)ထပ်ဆောင်(၂)ဆောင်(၂၈)ခန်း၊ Superior(၄)ဆောင်(၈)ခန်း၊ Deluxe Bungalow (၁၀)ဆောင်(၁၀)ခန်းစသည့် ဧည့်သည့်တည်းခိုနိုင်မည့် အခန်းပေါင်း (၇၉)ခန်းနှင့် Laundry(၁)ဆောင်၊ Generator (၁)ဆောင်၊ M&Eရုံးခန်း(၁)ခန်း၊ Managers House(၁)ဆောင်(၆)ခန်း၊ Family Quatrer(၁)ဆောင်(၁၀)ခန်း၊ Staff Quarter(၁)ဆောင်၊ Main Store (၁)ဆောင်၊ Staff Mess(၁)ဆောင် စုစုပေါင်း အခန်း(၉၆)ခန်းတို့အား ဆောက်လုပ်ထားပြီး အခြား

ဝန်ဆောင်မှုများဖြစ်သော Conference Room၊ Club House၊ Mini Golf Course (3)Holes နှင့် ရေကူးကန်တို့အား တည်ဆောက်ထားရှိပါသည်။

(ဂ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် လေထုအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ခရီးသွားတည်းခိုယာဉ်များ သွားလာခြင်း၊ စက်ပစ္စည်းများ( မီးစက်၊ လေအေးပေးစက်)လည်ပတ်ခြင်းနှင့် စားဖိုဆောင်ချက်ပြုတ်ခြင်းတို့မှ ဖုန်၊ အမှုန်အမွှား၊ ဓာတ်ငွေ့နှင့် အနံ့အသက်ထုတ်လွှတ်မှုမှ လျော့နည်းစေရန်အတွက် မီးစက်မှ GHG ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် Gases Filters တပ်ဆင်ထားရန်၊

(၂) အိုဇုန်းလွှာထိခိုက်မှုနည်းစေသော ဓာတ်ငွေ့သုံး ရေခဲသေတ္တာနှင့် လေအေးပေးစက်ကိုသာ တပ်ဆင်သုံးစွဲရန်နှင့် ပုံမှန် ပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၃) စားဖိုဆောင်အခန်းအတွင်း လေဝင်လေထွက်စနစ် ကောင်းမွန်စေရန် Exhaust Fan တပ်ဆင် သုံးစွဲရန်၊

(၄) ဟိုတယ်နှင့် အနီးဝန်းကျင်တစ်ဝိုက်တွင် နှစ်ရှည်အပင်များ စိုက်ပျိုး ထိန်းသိမ်းရန်၊

(၅) လေထုအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ် ရန်ပုံငွေ ကျပ်(၇၀၀,၀၀၀)အား အသုံးပြုရန်။

(ဃ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် လေထုအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အဆောက်အဦ ဖြိုဖျက်ခြင်း လုပ်ငန်းများတွင် ယာဉ်နှင့် ယန္တရားများ အသုံးပြုရန်နှင့် ဖြိုဖျက်ပြီး အမိုက်များအား သယ်ယူပို့ဆောင်ခြင်းမှ ဖုန်၊ သေးငယ်သော အမှုန်များနှင့် ယာဉ်အိတ်ဇောမှ ဓာတ်ငွေ့များထွက်ခြင်းမှ ကာကွယ်ရန်အတွက် လုပ်ငန်းခွင်နေရာနှင့် လမ်းအား နေ့စဉ်(သို့)လိုအပ်သည့် အခါတိုင်း ရေဖျန်းရန်၊

(၂) စွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းများ မပြုလုပ်ရန်၊

(၃) အရည်အသွေးပြည့်မီသော ယာဉ်နှင့် ယန္တရားများအား အသုံးပြုရန်နှင့် ပုံမှန် စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၄) လေထုအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ် ရန်ပုံငွေ ကျပ်(၂၅၀,၀၀၀)အား အသုံးပြုရန်။

(င) **စီမံကိန်းလည်ပတ်သည့်ကာလတွင် ရေအရည်အသွေး စီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ညှော်သည်နှင့်ဝန်ထမ်းသုံး စွန့်ပစ်ရေ၊ စားဖိုဆောင်နှင့် ယာဉ်များ ဆေးကြောရေများကြောင့် အနီးဝန်းကျင်ရှိ ရေအရည်အသွေး ညစ်ညမ်းခြင်းမှ လျှော့ချရန်အတွက် စွန့်ပစ်ရေဆိုးသန့်စင်စနစ် အသုံးပြု၍ သန့်စင်ပြီးမှသာ စွန့်ပစ်ရန်၊

(၂) မိလ္လာကန်စနစ်နှင့် ရေမြောင်းများအား ပုံမှန် စစ်ဆေးရန်နှင့် သန့်ရှင်းရေးပြုလုပ်ရန်၊

(၃) သန့်ရှင်းရေးသုံး ဓာတုပစ္စည်းများသုံးစွဲမှုကို ထိန်းချုပ်ရန်နှင့် ဖြစ်နိုင်လျှင် Biodegradable cleaners ထုတ်ကုန်များဖြင့် အစားထိုး သုံးစွဲရန်၊

(၄) စားဖိုဆောင်ရေနှင့် ဆေးကြောရေများအား ရေ/ဆီ ခွဲခြားဇကာ တပ်ဆင်၍ သန့်စင်ခြင်း ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း စနစ်တကျ စွန့်ပစ်ရန်၊

(၆) ရေအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ်ရန်ပုံငွေ ကျပ်(၆၀၀,၀၀၀)အား အသုံးပြုရန်။

(စ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အဆောက်အဦ ဖြိုဖျက်ခြင်း လုပ်ငန်းများတွင် ယာဉ်နှင့် ယန္တရားများ အသုံးပြုခြင်းနှင့် ယာဉ်နှင့် ယန္တရားများမှ ဆီများ ယိုဖိတ်ပါက အနီးဝန်းကျင်ရှိ ရေအရည်အသွေး ပြောင်းလဲခြင်းနှင့် ဖြိုဖျက်ပြီး အမှိုက်များ ရေမြောင်းအတွင်း စွန့်ပစ်မှုကြောင့် ရေမြောင်း ပိတ်ဆို့ခြင်း မဖြစ်စေရန်အတွက် ရေမြောင်းအတွင်းသို့ ဖြိုဖျက်ပြီးအမှိုက်များ စွန့်ပစ်ခြင်းအား တားမြစ်သွားရန်၊

(၂) ဖြိုဖျက်ခြင်းလုပ်ငန်းသုံး ယာဉ်နှင့် စက်ပစ္စည်းများအား ပုံမှန် စစ်ဆေးရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၃) ရေအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ်ရန်ပုံငွေ ကျပ်(၁၅၀,၀၀၀)အား အသုံးပြုရန်။

(ဆ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးစက်များကို အသံလုံခန်းနှင့် ညှော်သည်များ တည်းခိုရာနေရာနှင့် အဝေးတွင်ထားရှိရန်၊

(၂) ဆူညံသံထွက်ရှိသောပစ္စည်းများကို သီးခြား အဆောက်အဦတွင် ထားရှိရန်၊

(၃) အသံဆူညံသောနေရာတွင် လုပ်ငန်းဆောင်ရွက်သည့် ဝန်ထမ်းများအား နေ့စဉ် အကာအကွယ် နားကြပ်တပ်၍ လုပ်ဆောင်ရန်၊

(၄) မီးစက်များအား လစဉ် စစ်ဆေးရန်နှင့် ပြုပြင် ထိန်းသိမ်းခြင်းများ ပုံမှန်ဆောင်ရွက်သွားရန်၊

(၅) ဆူညံသံစီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ် ရန်ပုံငွေ ကျပ်(၅၀၀,၀၀၀)အား အသုံးပြုရန်။

(၈) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် ဆူညံသံနှင့် တုန်ခါမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ တစ်ပြိုင်နက် အသုံးပြုခြင်းနှင့် ဖျက်သိမ်းခြင်းလုပ်ငန်းများအား နေ့အချိန်တွင်သာ ဆောင်ရွက်ရန်၊

(၂) ယာဉ်/စက်များအား အသုံးမပြုပါက စက်နိုးထားခြင်းများ မပြုလုပ်ရန်၊

(၃) အသံဆူညံသောနေရာ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် အကာအကွယ်နားကြပ်တပ်၍ လုပ်ဆောင်ရန်၊

(၄) ဆူညံသံစီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ် ရန်ပုံငွေ ကျပ်(၁၅၀,၀၀၀)အား အသုံးပြုရန်။

(ဈ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် စွန့်ပစ်ပစ္စည်း(အမှိုက်)စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်ပုံးများအား သတ်မှတ်ထားသောနေရာများတွင် လုံလောက်စွာ ထားရှိရန်၊

(၂) ပြန်လည်အသုံးပြုနိုင်သော အမှိုက်များအား အပတ်စဉ် သီးခြား သိမ်းဆည်း၍ ပြန်လည်အသုံးပြုခြင်း(သို့မဟုတ်)ရောင်းချခြင်းများ ဆောင်ရွက်ရန်၊

(၃) တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများအစား ဖန်ခွက်နှင့် တာရှည်ခံပစ္စည်းများကို အသုံးပြုရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား အမျိုးအစား ခွဲခြားစွန့်ပစ်၍ သတ်မှတ်ထားသော အမှိုက်အိတ်အတွင်း သီးခြားသိမ်းဆည်းပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဖြင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၅) စွန့်ပစ်ပစ္စည်း(အမှိုက်)အစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ် ရန်ပုံငွေ ကျပ်(၅၀၀,၀၀၀)အား အသုံးပြုရန်။

(ည) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် စွန့်ပစ်ပစ္စည်း(အမှိုက်)စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း ယာယီ အမှိုက်ပုံးများကို လုံလောက်စွာ ထားရှိပေးရန်၊

(၂) ပြန်လည် အသုံးပြုနိုင်သော အမှိုက်များအား ခွဲခြား သိမ်းဆည်း၍ ပြန်လည်ရောင်းချခြင်းများ ဆောင်ရွက်ရန်၊

(၃) အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ စွန့်ပစ်ရန်၊

(၄) စွန့်ပစ်ပစ္စည်း(အမှိုက်)အစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ် ရန်ပုံငွေ ကျပ်(၂၅၀,၀၀၀)အား အသုံးပြုရန်။

(ဠ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ထိခိုက်ဒဏ်ရာရမှုများနှင့် မတော်တဆမှုများအတွက်(First Aid Kid)ရှေးဦး သူနာပြုပစ္စည်းများ အဆင်သင့် ထားရှိရန်နှင့် အရေးပေါ် ဆက်သွယ်ရန် ဖုန်းနံပါတ်များအား မြင်သာသောနေရာတွင် ချိတ်ဆွဲထားရန်၊

(၂) ထိခိုက်ဒဏ်ရာ ရနိုင်သောနေရာများတွင် သတိပေး ဆိုင်းဘုတ်များ၊ အမှတ် အသားများနှင့် လိုက်နာရန်အချက်များအား မြင်သာသောနေရာတွင် ထားရန်၊

(၃) ဟိုတယ်အခန်းများတွင် ခိုင်ခံ့လုံခြုံသော လက်ကိုင်များ၊ အရေးပေါ်ဖုန်းနှင့် ရေစိုလေ့ရှိသော နေရာများ၊ လျှောက်လမ်းများနှင့် ရေချိုးခန်းများအတွင်း မချော်လဲနိုင်သော ကြမ်းပြင်များ တပ်ဆင်ထားရန်၊

(၄) သန့်ရှင်းရေးဆောင်ရွက်စဉ် (သို့မဟုတ်) မိုးရွာပြီးနောက် စိုစွတ်သော ကြမ်းပြင်များတွင် ယာယီ သို့မဟုတ် အမြဲတမ်း သတိပေးဆိုင်းဘုတ်များ ထားရှိရန်၊

(၅) ဝန်ဆောင်မှုပေးသောလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနက သတ်မှတ်ထားသော အစားအသောက်သန့်ရှင်းရေးနှင့် ရေအရည်အသွေး စံချိန် စံညွှန်းများကို လိုက်နာခြင်း(သို့မဟုတ်) နိုင်ငံတကာ အစားအစာကိုင်တွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ သိုလှောင်ခြင်းနှင့် ရေအရည်အသွေးဆိုင်ရာ အကြံပြုချက်များကို လိုက်နာရန်၊

(၆) သန့်ရှင်းရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကာကွယ်မှုအစီအမံများ အဖြစ် အဆိပ်မရှိသော Hypoallergenic သန့်ရှင်းရေးပစ္စည်းများကို အသုံး ပြုရန်နှင့် လက်အိတ်နှင့် အခြားတစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင် ဆောင်ရွက်ရန်၊

(၇) ဧည့်သည်များအတွက် ဘေးကင်းလုံခြုံသော ဝန်ဆောင်မှုများ ရရှိနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်းလမ်းညွှန်ချက်များမှ အခန်း(၃)တည်းခိုခန်းကဏ္ဍ(ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်း)နှင့် အခန်း(၄) အစားအသောက်ကဏ္ဍအတွက် လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ချက်များ”ကို လိုက်နာဆောင်ရွက်ရန်၊

(၈) ဝန်ထမ်းများအတွက် နှစ်စဉ် လိုအပ်သော ကျန်းမာရေးနှင့်ဟိုတယ်လုပ်ငန်း ဆိုင်ရာ သင်တန်းများနှင့် လမ်းညွှန်မှုပေးခြင်း အစီအစဉ်များ ဆောင်ရွက်ရန်၊

(၉) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ် ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)အား အသုံးပြုရန်။

(၄) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်တွင် ရှေးဦးသူနာပြုပစ္စည်းများနှင့် အရေးပေါ်ဆက်သွယ်ရန် အချက် အလက်များအား ထားရှိရန်၊

(၂) ထိခိုက်ဒဏ်ရာရနိုင်သော နေရာများတွင် သတိပေး ဆိုင်းဘုတ်များ၊ အမှတ် အသားများနှင့် လိုက်နာရန် အချက်များအား မြင်သာသောနေရာတွင် ထားရှိရန်၊

(၃) လိုအပ်သည့်နေရာများအလိုက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ ထားရှိပေးရန်နှင့် စနစ်တကျ ဝတ်ဆင်ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ် ရန်ပုံငွေ ကျပ်(၃၀၀,၀၀၀)အား အသုံးပြုရန်။

(၃) **စီမံကိန်းလည်ပတ်သည့်ကာလတွင် မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးအန္တရာယ်မှကာကွယ်ရန် ဟိုတယ်လုပ်ငန်း၏ နေရာချပုံစံအား မီးသတ် ဦးစီးဌာနမှ ညွှန်ကြားထားသည့် သက်ဆိုင်သော မီးသတ်ကုဒ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) ဟိုတယ်အတွင်း လုံလောက်သော မီးငြိမ်းသတ်ကိရိယာ၊ မီးသတ်ဆေးဘူး များနှင့် မီးအချက်ပေးစနစ်များ တပ်ဆင်ထားရှိရန်၊

(၃) မီးသတ်ရေလှောင်ကန် တည်ဆောက်ရန်၊ အရေးပေါ်ထွက်ပေါက်များနှင့် လမ်းကြောင်းများအား ကြိုတင်စီမံထားရှိရန်၊ အရေးပေါ်အခြေအနေ တုံ့ပြန်ရေး အစီအစဉ်များ ရေးဆွဲထားပြီး သင်တန်းများ၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့် ခြင်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၄) အရေးပေါ်ထွက်ပေါက်နှင့် လမ်းကြောင်းများအား ပိတ်ဆို့မှု မဖြစ်ပေါ်စေရန် နေ့စဉ် ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်၊

(၅) မီးငြိမ်းသတ်ကိရိယာများ အသုံးပြုချိန်တွင် ကောင်းမွန်မှုရှိရန်နှင့် အသင့်အနေ အထားအဖြစ် ရှိစေရန် စနစ်တကျ ထိန်းသိမ်းလဲလှယ်ခြင်းများအား (၆)လလျှင် တစ်ကြိမ် ဆောင်ရွက်ရန်၊

(၆) မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အရေးပေါ်မီးငြှိမ်းသတ်မှုသင်တန်းများ ပို့ချရန်၊

(၇) မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ်ရန်ပုံငွေ ကျပ်(၁,၅၀၀,၀၀၀)အား အသုံးပြုရန်။

(ခ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) လုပ်ငန်းခွင်အတွင်း မီးငြှိမ်းသတ်ကိရိယာများ ထားရှိရန်၊

(၂) ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း ပေါ့ဆမီးနှင့် မီးဘေးအန္တရာယ် ဖြစ်ပေါ်မှု မရှိစေရန် လိုက်နာရန် စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်၊

(၃) မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် လျာထား အသုံးစရိတ်ရန်ပုံငွေ ကျပ်(၃၀၀,၀၀၀)အား အသုံးပြုရန်။

(ဂ) **စီမံကိန်းလည်ပတ်သည့်ကာလတွင် စောင့်ကြပ်ကြည့်ရှုမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(၁) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စားဖိုဆောင်နှင့် (၂)ထပ်ဆောင်ကြားနေရာများတွင် $NO_2$, $SO_2$, $PM_{10}$,$PM_{2.5}$, CO, $O_3$ စသည့် ပါရာမီတာများအား (၆)လလျှင်(၁)ကြိမ် စောင့်ကြည့်တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၂,၀၀၀,၀၀၀)အား အသုံးပြုရန်၊

(၂) ဆူညံသံစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စားသောက်ခန်းမအနီး Noise level အား dBA ဖြင့်ဖော်ပြပြီး (၆)လလျှင်(၁)ကြိမ် စောင့်ကြည့် တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၅၀၀,၀၀၀)အား အသုံးပြုရန်၊

(၃) ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဟိုတယ်မှ နောက်ဆုံးစွန့်ပစ်ရေထွက်ရှိသည့်နေရာတွင် pH, COD, BODs, TSS, Oil & Grease, TP, Iron, Fluoride and total coliform, Total Hardness, Chloride and Sulphate စသည့် ပါရာမီတာများအား (၆)လလျှင်(၁)ကြိမ် စောင့်ကြည့် တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၆၀၀,၀၀၀)အား အသုံး ပြုရန်၊

(၄) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဟိုတယ်အတွင်းနှင့် ယာယီအမှိုက်သိုလှောင်ရုံတွင် အပတ်စဉ် လှည့်လည် ကြည့်ရှုရန်နှင့် မှတ်တမ်းတင်ခြင်းများဆောင်ရွက်ခြင်းနှင့် လျာထား အသုံးစရိတ်အနေဖြင့် ကျပ်(၁၅၀,၀၀၀)အား အသုံးပြုရန်၊

(၅) ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဟိုတယ်အတွင်း လစဉ် မတော်တဆ ထိခိုက်မှု အဖြစ်အပျက်များအား မှတ်တမ်းတင်ရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၁၅၀,၀၀၀)အား အသုံးပြုရန်၊

(၆) မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဟိုတယ်အတွင်း လစဉ် မီးသတ်ဆေးဘူးများ၊ မီးဘေးအန္တရာယ်အချက်ပြစနစ် စသည်တို့ ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်း ရှိ/မရှိ စစ်ဆေးရန်နှင့် လျာထား အသုံးစရိတ်အနေဖြင့် ကျပ်(၁၅၀,၀၀၀)အား အသုံးပြုရန်။

(တ) **စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် စောင့်ကြပ်ကြည့်ရှုမှု စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဖြိုဖျက်ခြင်းလုပ်ငန်းခွင်နေရာတွင် $NO_2$, $SO_2$, $PM_{10}$, $PM_{2.5}$, CO, $O_3$ စသည့် ပါရာမီတာများအား(၆)လလျှင်(၁)ကြိမ် စောင့်ကြည့်တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၁,၀၀၀,၀၀၀)အား အသုံးပြုရန်၊

(၂) ဆူညံသံစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဖြိုဖျက်ခြင်းလုပ်ငန်းခွင်နေရာတွင် Noise level အား dBA ဖြင့်ဖော်ပြပြီး (၆)လလျှင်(၁)ကြိမ် စောင့်ကြည့် တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၂၅၀,၀၀၀)အား အသုံးပြုရန်၊

(၃) ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဖြိုဖျက်ခြင်းလုပ်ငန်းခွင်မှ စွန့်ပစ်ရေထွက်ရှိသည့်နေရာတွင် pH, COD, BODs, TSS, Oil & Grease, TP, Iron, Fluoride and total coliform, Total Hardness, Chloride and Sulphate စသည့်ပါရာမီတာများအား (၆)လလျှင်(၁)ကြိမ် စောင့်ကြည့်တိုင်းတာရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၃၀၀,၀၀၀)အား အသုံးပြုရန်၊

(၄) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဖြိုဖျက်ခြင်းလုပ်ငန်းခွင်နေရာတွင် အပတ်စဉ် လှည့်လည်ကြည့်ရှုရန်နှင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ရန်နှင့် လျာထားအသုံးစရိတ်အနေဖြင့် ကျပ်(၇၅,၀၀၀)အား အသုံးပြုရန်၊

(၅) ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဖြိုဖျက်ခြင်းလုပ်ငန်းခွင်နေရာတွင် လစဉ် မတော်တဆ ထိခိုက်မှုအဖြစ်အပျက်များအား မှတ်တမ်းတင်ရန်နှင့် လျာထား အသုံးစရိတ်အနေဖြင့် ကျပ်(၇၅,၀၀၀)အား အသုံးပြုရန်။

(ထ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဒ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထား များကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဓ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက် ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံ ဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်သည့်ကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေ ကျပ်(၅,၀၀၀,၀၀၀)သုံးစွဲရန်၊

(၂) စီမံကိန်းလည်ပတ်သည့်ကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေ ကျပ်(၃,၅၅၀,၀၀၀)သုံးစွဲရန်၊

(၃) စီမံကိန်းလည်ပတ်သည့်ကာလတွင် အရေးပေါ်အခြေအနေတုံ့ပြန်ရေး အစီ အစဉ်အတွက် ရန်ပုံငွေ ကျပ်(၁,၅၀၀,၀၀၀) သုံးစွဲရန်၊

(၄) စီမံကိန်းလည်ပတ်သည့်ကာလတွင် ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားတိုးတက်ရေး အတွက် ရန်ပုံငွေ ကျပ်(၃,၀၀၀,၀၀၀)သုံးစွဲရန်၊

(၅) စီမံကိန်းလည်ပတ်သည့်ကာလတွင် အထွေထွေကုန်ကျစရိတ်အဖြစ် ရန်ပုံငွေ ကျပ်(၁,၀၀၀,၀၀၀)သုံးစွဲရန်၊

(၆) စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေ ကျပ်(၁,၄၀၀,၀၀၀)သုံးစွဲရန်၊

(၇) စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ်(၁,၇၀၀,၀၀၀)သုံးစွဲရန်၊

(၈) လိုအပ်ပါက အစီရင်ခံစာပါဖော်ပြချက်အတိုင်း ထပ်မံဖြည့်စွက် ဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံ

ခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်စေဘဲ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင် ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်း လည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) ရေခဲသေတ္တာများ၊ Freezer များနှင့် လေအေးပေးစက်များ၌ အသုံးပြုသည့် Gas များတွင် အိုဇုန်းလွှာကို ထိခိုက်စေနိုင်သည့် CFCs, HCFCs ဓာတ်ငွေ့အစားထိုးအိုဇုန်းလွှာကို ထိခိုက်မှုလျော့နည်းစေသော HFCs ဓာတ်ငွေ့များ (ဥပမာ- R-124a, R-152a, R-22 etc.) သုံးသည့် စက်ပစ္စည်းများကို ရွေးချယ်တပ်ဆင်အသုံးပြုရန်၊

(ဂ) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံ စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ် ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံ ဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိ ဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ် တည်ဆောက်ခြင်းအားဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်။

(၁) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး

(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၂.၆.၄ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) ဟိုတယ်နှင့်ခရီးသွားလာမှုကဏ္ဍနှင့် အခြားသက်ဆိုင်ရာ စံချိန်စံညွှန်းများ၊ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ တားမြစ်ထားသည့် ဇီဝမျိုးစုံမျိုးကွဲများအား ရောင်းချခြင်း၊ အရိပ်ရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အပင်နှင့်ပန်းအလှပင်များ စိုက်ပျိုးရာတွင် ဒေသ၏ ဂေဟစနစ်ကို အထောက်အပံ့ပေးနိုင်သည့် ဒေသမျိုးရင်းပင်များကို ရွေးချယ်စိုက်ပျိုးရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဟိုတယ်လုပ်ငန်းဆောင်ရွက်မှုကြောင့် ယာဉ်သွားလာမှုအပေါ် အနှောင့်အယှက်မဖြစ်စေရေးနှင့် မတော်တဆ ထိခိုက်မှုများ မဖြစ်ပေါ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အစီအမံများထားရှိဆောင်ရွက်ရန်။

ပြည်ထောင်စု ဝန်ကြီးရုံး

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများ အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင် အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်၊

(၃) တည်းခိုအပန်းဖြေရန် လာရောက်သည့် ယာဉ်များကြောင့် ယာဉ်သွားလာမှုအပေါ် အနှောင့်အယှက် မဖြစ်စေရေးနှင့် မတော်တဆထိခိုက်မှုများ မဖြစ်ပေါ်စေရေးတို့ကို အလေးထား ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အစီအမံများ ထားရှိဆောင်ရွက်ရန်၊

(၄) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်း ကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သောကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေးပေးချေခြင်း၊ သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူ ကြီးကြပ် ဆောင်ရွက်ရန်။

(ဆ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်း အလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော(သို့မဟုတ်)ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း

သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု များကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြ ရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီး ဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်း အဆို ပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် တစ်ဖက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

ပြည်ထောင်စု ဝန်ကြီးရုံး

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြ မြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦး တင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဓ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။**

ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ဈ) **လူမှုတာဝန်သိ အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan)ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်၊

(ည) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွှတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့်

အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်း များကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့် အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက် နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်း လုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြား စုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေး ဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဋ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရန်ပုံငွေ ထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍(၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက်

အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး၂နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံး ရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ် ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ် နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတ အသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စား ဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---